၄-၄-၂၀၂၂ ရက်နေ့ ပြင်ဆင်လွှင့်တင်ပြီးအချက် ၁၁ ချက် (အသက်အာမခံမှ ပြင်ဆင်မှုအပါ အားလုံးပြီးစီး)

**" နိုင်ငံတကာလေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များ"**

၁။ ခရီးသွားများတွင် အောက်ပါစာရွက်စာတမ်း/အထောက်အထားများပါရှိရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာနကအသိအမှတ်ပြုထားသည့် **အောက်ပါ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး(၁၀)မျိုးအနက်တစ်မျိုးမျိုးကိုမြန်မာနိုင်ငံသို့ဆိုက်ရောက်သည့်နေ့ရက်** မတိုင်မီလွန်ခဲ့သော(၁၄)ရက်ကျော်က **အကြိမ်ပြည့်ထိုးနှံပြီးကြောင်းသက်သေခံလက်မှတ်ကို ပူးတွဲတင်ပြလျှောက်ထားရမည် -**

- CoronaVac (Sinovac Biotech Ltd.)၊
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))၊
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech)၊
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)၊
- Moderna (ModernaTX, Inc.)၊
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd)၊
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech။
- Myancopharm by Ministry of Industry, Myanmar

[အသက်(၆)နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ(သို့မဟုတ်)အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက် မှကင်းလွတ်ခွင့်ပြုသည်။ သက်သေခံလက်မှတ်တွင်ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်

နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊မြန်မာဘာသာဖြင့်ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့်ဖြစ်စေရှင်းလင်း တိကျစွာ ဖော်ပြရမည်။]

(ခ) မြန်မာနိုင်ငံသို့ဆိုက်ရောက်သည့်အချိန်မတိုင်မီအများဆုံး(၇၂)နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း **RT-PCR နည်းဖြင့်စစ်ဆေးထုတ်ပေးထားသည့်ဓာတ်ခွဲအဖြေ အား**လေဆိပ်ကျန်းမာရေးကောင်တာတွင်ပြသရမည်၊ [အသက်(၆)နှစ်အောက်ကလေး များကို ဤသတ်မှတ်ချက်မှကင်းလွတ်ခွင့်ပြုသည်။ ကိုဗစ် - ၁၉ရောဂါကင်းရှင်း ကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေနှင့် စစ်ဆေး သည့်နေ့ရက်ကိုဖြစ်စေ ခရီးသွား၏နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူ အင်္ဂလိပ်သာသာဖြင့် ရှင်းလင်းတိကျစွာဖော်ပြရမည်]

(ဂ) မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသည်အားလုံးအနေဖြင့် မြန်မာ့အာမခံလုပ်ငန်းမှ ကိုဗစ်-၁၉ အကာအကွယ်ပါရှိသောခရီးသွား အာမခံပေါ်လစီ Inbound Travel Accident Insurance ကို ဝယ်ယူ၍လျှောက်ထားရမည်ဖြစ်သည်။ (အဆိုပါ ခရီးသွား အာမခံပေါ်လစီအား မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၊ အမှတ်(၆၂၇/၆၃၅)၊ ကုန်သည် လမ်း၊ ရန်ကုန်မြို့တွင် တိုက်ရိုက်ဝယ်ယူနိုင်သည့်အပြင် မြန်မာ့အာမခံလုပ်ငန်း၏ Website ဖြစ်သည့် www.mminsurance.gov.mm တွင် အသေးစိတ်ကြည့်ရှုလေ့လာ ပြီး online မှ ဝယ်ယူခြင်းကို ဆောင်ရွက်နိုင်ပါသည်)

၂။ ခရီးသွားများအနေဖြင့် စာပိုဒ် ၁ တွင်ဖော်ပြထားသည့် **စာရွက်စာတမ်း/အထောက်အထား အသီးသီး၏ မိတ္တူတစ်စုံစီကို** မြန်မာနိုင်ငံသို့လာရောက်မည့် လေယာဉ်ပေါ်သို့ တက်ရောက်ရန် စာရင်း သွင်းစဉ် လေကြောင်းလိုင်းဝန်ထမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံသို့ဆိုက်ရောက်ချိန်တွင် သက် ဆိုင်ရာလေဆိပ်ရှိ ကျန်းမာရေးအရာရှိများကိုလည်းကောင်း ပြသရမည်။

၃။ ခရီးသွားများအနေဖြင့် **ကျန်းမာရေးကြေညာချက် (Health Declaration Form)** ကို မြန်မာ နိုင်ငံသို့ ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ရှိ ကျန်းမာရေးအရာရှိများထံသို့ တင်ပြရမည်။

(ကျန်းမာရေးကြေညာချက်တွင် မည်သည့်အချက်အလက်ကိုမဆို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိ ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည် )

၄။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ဆိုက်ရောက်ချိန်တွင် သက်ဆိုင်ရာလေဆိပ်ကျန်းမာရေး အရာရှိများကဆောင်ရွက်သော **ကိုယ်အပူချိန်တိုင်းတာခြင်းနှင့်လိုအပ်သောကျန်းမာရေးစစ်ဆေးခြင်းတို့ကိုခံယူရမည်။**

၅။ ခရီးသွားများအနေဖြင့်အောက်ပါကိစ္စများအတွက်**ကုန်ကျစရိတ်များမိမိအစီအစဉ်ဖြင့်ကျခံရမည်** –

(က) သတ်မှတ်ထားသော သီးသန့်မော်တော်ယာဉ်ဖြင့် ဟိုတယ်သို့သွားရောက်ခြင်း၊

(ခ) ကိုဗစ်–၁၉ ရောဂါ RT-PCR နည်းဖြင့်စစ်ဆေးထားသည့် ဓာတ်ခွဲအဖြေရရှိပြီးသည့် အချိန်အထိသတ်မှတ်ထားသည့်ဟိုတယ်များတွင်နေထိုင်ခြင်း၊(သတ်မှတ်ဟိုတယ်စာရင်း ကိုဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ website www.toursim.gov.mm တွင် ရရှိနိုင်သည်)

(ဂ) ကျန်းမာရေးဝန်ကြီးဌာနကအသိအမှတ်ပြုထားသည့်ဓာတ်ခွဲခန်းများ၌ကိုဗစ်–၁၉ ရောဂါ RT-PCR နည်းဖြင့် စစ်ဆေးမှုခံယူခြင်း၊

၆။ Relief Flight ဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်သူများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူများအား **အသွားအလာကန့်သတ်ခြင်း(၅)ရက်နှင့်ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံရသေးသူများအားအသွားအလာကန့်သတ်ချက်ခြင်း(၇)ရက်ထားရှိမည်ဖြစ်သည်၊** အဆိုပါကာလများအတွင်း RT-PCR နည်းဖြင့်ဓါတ်ခွဲစစ်ဆေးခြင်း (၂) ကြိမ်ဆောင်ရွက်ပါမည်၊ [ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များတွင်နိုင်ငံခြားသားများအား(၁၇–၄–၂၀၂၂)ရက်နေ့မှစ၍ လိုက်ပါခွင့်ပြုမည် မဟုတ်ပါ ]

၇။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကိုဗစ်–၁၉ **ရောဂါလက္ခဏာများပေါ်ပေါက်လာပါက** သက်ဆိုင်ရာကျန်းမာရေးဌာနသို့ သတင်းပေးပို့ရမည်(သက်ဆိုင်ရာကျန်းမာရေးဌာနများသို့ ဆက်သွယ်ရန်လိပ်စာများကို သတ်မှတ်ဟိုတယ်များတွင်ရရှိနိုင်သည်)

၈။ ခရီးသွားများတွင်ကိုယ်အပူချိန်မြင့်တက်ခြင်းအပါအဝင် ကိုဗစ်–၁၉ ရောဂါလက္ခဏာများတွေ့ရှိခြင်း သို့မဟုတ် RT-PCR အဖြေနည်းဖြင့်စစ်ဆေးခြင်းစဉ်အတွင်း **ကိုဗစ်–၁၉ ရောဂါရှိကြောင်းတွေ့ရှိလျှင်** ၎င်းတို့ကို ကျန်းမာရေးအစီအမံများနှင့်အညီ ချက်ချင်းသီးခြားထားရှိမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့်ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာ(သို့မဟုတ်) ဟိုတယ်သို့ လွှဲပြောင်းပို့ဆောင်ကုသမည်။

၉။ **Commercial Flight လိုက်ပါလာသည့် ခရီးသွားများအနေဖြင့်** သက်ဆိုင်ရာကျန်းမာရေးဌာနထံမှ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်းစာတက်ခွဲအဖြေကိုလက်ခံရရှိပြီးပါက သတ်မှတ်ဟိုတယ်မှ ထွက်ခွာနိုင်သည်(သာမန်အားဖြင့်စာတ်ခွဲအဖြေကို(၂၄)နာရီအတွင်းသက်ဆိုင်ရာကျန်းမာရေးဌာနက သတ်မှတ် ဟိုတယ်မှတစ်ဆင့်ပေးပို့မည်ဖြစ်သည်)

၁၀။ ခရီးသည်များအနေဖြင့် ကျန်းမာရေးတာဝန်ရှိသူများ၏ ညွှန်ကြားချက်များအား **တိကျစွာလိုက်နာရန်**နှင့် မလိုက်နာပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည် ။

၁၁။ ဤသတ်မှတ်ချက်များသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေအရပြောင်းလဲမှုရှိနိုင်သည် ။

**မှတ်ချက်** ။ e-Visa လျှောက်ထားရန် Website ဖြစ်သည့် https://evisa.moip.gov.mm တွင် (၅-၄-၂၀၂၂) ရက်နေ့ ၀၆၀၀ အချိန်မှစ၍ အဆိုပါကြေငြာချက်အား လွှင့်တင်ထားပြီးဖြစ်ပါသည် ။

**နောက်ဆုံးလွှင့်တင်သည့် ကျန်းမာရေးအာမခံပေါ်လစီစာသား**

မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသည်အားလုံးအနေဖြင့် မြန်မာ့အာမခံလုပ်ငန်းမှ ကိုဗစ်-၁၉ အကာအကွယ်ပါရှိသောခရီးသွား အာမခံပေါ်လစီ Inbound Travel Accident Insurance ကို ဝယ်ယူ၍လျှောက်ထားရမည်ဖြစ်သည်။ (အဆိုပါ ခရီးသွားအာမခံပေါ်လစီအား မြန်မာ့အာမခံ လုပ်ငန်းရုံးချုပ်၊ အမှတ်(၆၂၇/၆၃၅)၊ ကုန်သည် လမ်း၊ ရန်ကုန်မြို့တွင် တိုက်ရိုက်ဝယ်ယူနိုင်သည့်အပြင် မြန်မာ့အာမခံလုပ်ငန်း၏ Website ဖြစ်သည့် www.mminsurance.gov.mm တွင် အသေးစိတ် ကြည့်ရှုလေ့လာပြီး online မှ ဝယ်ယူခြင်းကို ဆောင်ရွက်နိုင်ပါသည်)